# လူကုန်ကူးခြင်း နှင့် မှောင်ခိုကူးခြင်း

**လူကုန်ကူးခြင်း ကိုဤသို့** အဓိပ္ပာယ်ဖွင့်ထားပါသည် -

- အခကြေးငွေဖြင့် ကာမမှုကိစ္စပြုလုပ်ခြင်းအား အတင်းအကြပ်စေခိုင်းခြင်း၊ လိမ်ညာ၍စေခိုင်းခြင်း သို့မဟုတ် အကျပ်ကိုင်ခြင်း သို့မဟုတ် ထိုကဲ့သို့အမှုကို ပြုလုပ်ဆောင်ရွက်စေသူမှာ အသက် 18 နှစ်မပြည့်သေးသူဖြစ်ခြင်း စသည့်လိင်မှုဆိုင်ရာကုန်ကူးခြင်း *သို့မဟုတ်*
- လူများကို သိမ်းသွင်းစုဆောင်းခြင်း၊ ခိုလှုံခွင့်ပေးခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ ကြိုတင်စီမံထားခြင်း၊ သို့မဟုတ် အလုပ်စေခိုင်းရန်အတွက် တစ်စုံတစ်ဦးအား ရယူခြင်း သို့မဟုတ် အခွမပြုလုပ်၍ ဝန်ဆောင်မှုရယူခြင်း၊ လိမ်ညာခြင်း သို့မဟုတ် အတင်းအခွမပြုကာ ကျေးကျွန်ပြုခြင်း၊ အကြွေးကျေရန် လုပ်ပေးရခြင်း၊ ကြွေးမြီဖြင့်နှောင်ဖွဲ့ခိုင်းစေခြင်း၊ သို့မဟုတ် ကျွန်ပြုခြင်းတို့ ပြုလုပ်ရန်အတွက် အကျပ်ကိုင်ခြင်း။

**လူမှောင်ခိုကူးခြင်း ဟူသည်မှာ** တမင်ရည်ရွယ်ကာ လူဝင်မှုကြီးကြပ်ရေးဥပဒေများကို ရှောင်ဖယ်၍ အမေရိကန်ပြည်ထောင်စုတွင်းသို့ လူများတင်ပို့ခြင်း ဖြစ်ပါသည်။ ထိုပြစ်မှုတွင် အမေရိကန်ပြည်ထောင်စု တွင်းသို့ တရားမဝင်နိုင်ငံခြားသားများ ခေါ်ဆောင်လာခြင်းအပြင် အမေရိကန်ပြည်ထောင်စုတွင်း ရှိနှင့်နေပြီးသော နိုင်ငံခြားသားများအား တရားဥပဒေနှင့် မညီညွတ်သော သယ်ယူပို့ဆောင်ပေးခြင်းနှင့် ခိုလှုံခွင့်ပေးခြင်းတို့ ပါဝင်ပါသည်။

ဤသည်တို့မှာ ဖလှယ်နိုင်မှုပြုနိုင်ခြင်းမရှိသည့် အခေါ်အဝေါ်များ ဖြစ်ကြသည်။

- **မှောင်ခိုကူးခြင်း ဟူသည်မှာ** သယ်ယူပို့ဆောင်ရေးတွင် အခြေခံသည်
- **ကုန်ကူးခြင်း ဟူသည်မှာ** အမြတ်ထုတ်ခြင်းပေါ်တွင် အခြေခံသည်

BLUE CAMPAIGN
One Voice. One Mission. End Human Trafficking.®

မသင်္ကာဖွယ်ရာ အပြုအမူများကို သတင်းပို့ရန် –

**1-866-DHS-2-ICE** (1-866-347-2423)

**www.dhs.gov/bluecampaign**

## လူကုန်ကူးမှုကို ညွှန်းဆိုနိုင်မှုများ

- ❑ မတရားခံရသူထံတွင် မည်သူမည်ဝါဖြစ်ကြောင်း သက်သေခံလက်မှတ်နှင့် ခရီးသွားစာရွက်စာတမ်းများ ပိုင်ဆိုင်ပါသလား၊ မပိုင်ဆိုင်ပါလျှင် မည်သူသည် ထိုစာရွက်စာတမ်းများကို ထိန်းချုပ်ထားပါသလဲ။
- ❑ မတရားခံရသူသည် ဥပဒေဘက်ဆိုင်ရာသူများနှင့် လူဝင်မှုကြီးကြပ်ရေး အရာရှိများအား မည်သို့ပြောဆိုရန် သင်ကြားပေးခံထားရပါလား။
- ❑ မတရားခံရသူ၏လစာသည် မောင်ခိုကူးခကို ပေးချေရန်အတွက် သိမ်းယူခံနေရပါသလား။ (မောင်ခိုကူးခ တစ်ခုတည်းကို ပေးချေနေရခြင်းကို လူကုန်ကူးခြင်းဟု မသတ်မှတ်ပါ။)
- ❑ မတရားခံရသူအား လိင်မှုကိစ္စများပြုလုပ်ရန် အတင်းအကြပ်ဖိအားပေးခံရပါသလား။
- ❑ မတရားခံရသူသည် လွတ်လပ်စွာသွားလာနိုင်မှု ရှိပါသလား။
- ❑ မတရားခံရသူ ထွက်ပြေးရန်ကြိုးစားလျှင် မတရားခံရသူ သို့မဟုတ် မိသားစုတို့အား အန္တရာယ်ပေးခြိမ်းခြောက်ခံရခြင်း ရှိပါသလား။
- ❑ မတရားခံရသူအား နိုင်ငံမှနှင်ထုတ်ခြင်း သို့မဟုတ် တရားဥပဒေသုံးဖိအားပေး ဆောင်ရွက်ခြင်းတို့ဖြင့် ခြိမ်းခြောက်ခံရခြင်း ရှိပါသလား။
- ❑ မတရားခံရသူသည် အန္တရာယ်ပြုခံရခြင်း သို့မဟုတ် အစာရေစာငတ်ပြတ်ခြင်း၊ အအိပ်ပျက်၊ ဆေးဝါးကုသမှုမရရှိ သို့မဟုတ် အခြားအသက်ရှင်ရန် လိုအပ်သောအထောက်အပံ့များ မရရှိခြင်းရှိပါသလား။
- ❑ မတရားခံရသူသည် မိတ်ဆွေများ သို့မဟုတ် မိသားစု တို့ကို လွတ်လပ်စွာဆက်သွယ်နိုင်ပါသလား။
- ❑ မတရားခံရသူမှာ အခကြေးငွေဖြင့် လိင်ကိစ္စဆောင်ရွက်မှုတွင်း ပါဝင်သော အသက်မပြည့်သေးသူ ဖြစ်ပါသလား။
- ❑ မတရားခံရသူသည် ပေါင်းသင်းဆက်ဆံခွင့် သို့မဟုတ် ဘာသာရေးဆိုင်ရာပွဲများ တက်ရောက်ခွင့် ရရှိထားပါသလား။

မသင်္ကာဖွယ်ရာ အပြုအမူများကို သတင်းပို့ရန် – **1-866-DHS-2-ICE** (1-866-347-2423)

**www.dhs.gov/bluecampaign**

BC-IC1-BUR 07/14